မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နဲ့ သန့်ရှင်းသောအစိုးရ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ငန်းတာဝန်များကို ဖော်ဆောင်ရာမှာ ပြည်သူများရဲ့သဘောထားနဲ့ တုံ့ပြန်မှုတွေကို အလေးထား

လွတ်လပ်မှုနဲ့ တာဝန်သိမှု၊ လွတ်လပ်မှုနဲ့ စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန်ကျင့်သုံးလျှင် မြန်မာ့လူ့အဖွဲ့အစည်းဟာ ဒီမိုကရေစီကျင့်စဉ်များထွန်းကားတဲ့ လူ့အဖွဲ့အစည်းဖြစ်လာမှာသေချာ

အစိုးရအဖွဲ့အတွင်း အထက် အောက်နဲ့ ဘေးတိုက်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်သွက်လက်ထက်မြက်ရေးအတွက် အလွန်အရေးကြီး

အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့အတွက် စီမံခန့်ခွဲမှုကောင်းဖို့၊ အုပ်ချုပ်မှုကောင်းဖို့လို ပြည်သူတွေအပေါ်စေတနာထား၊ ပြည်သူ့အကျိုးစီးပွားကိုကာကွယ်၊ ပြည်သူတွေကို အလုပ်အကျွေးပြု

နေပြည်တော် မတ် ၃၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ကျင်းပသော မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

တက်ရောက်လာကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ရွေးချယ်တင်မြှောက်

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ စတင်ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဟာ မနေ့က ပြီးဆုံးခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကနေ ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေး ကဏ္ဍအသီးသီးမှာ တာဝန်ယူကြမယ့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ပေးခဲ့သလို တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် အသီးသီးကလည်း မိမိတို့ဒေသများမှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေး ကဏ္ဍအသီးသီးမှာ တာဝန်ယူကြမယ့် ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ခဲ့ပြီး ဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းမြွက်ကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်)

ထူးချွန်ထက်မြက်သူများဖြစ်ရေး စာအုပ်စာပေများ ဖတ်ရှုလေ့လာ

စာအုပ်စာပေသည် လူတစ်ဦးတစ်ယောက်၏ ဘဝမီးရှူးတန်ဆောင်ဖြစ်သည်။ စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများရရှိစေနိုင်သည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုစကားအရ စာပေသည် ဘဝ၏အဖော်မွန်ဖြစ်သည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ တိုးတက်မှုနှင့်အတူ နည်းပညာရပ်များ သာလွန်ပိုင်ဆိုင်ထားသည့် နိုင်ငံကြီးအချို့သည် စာနယ်ဇင်းအပါအဝင် မီဒီယာများကိုချုပ်ကိုင်ပြီး ၎င်းတို့၏အကျိုးစီးပွားအတွက် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများသည် ပြည်ပနိုင်ငံကြီးအချို့၏ မီဒီယာများမှတစ်ဆင့် လွှမ်းမိုးမှုကိုတွန်းလှန်နိုင်ရန်၊ မှန်ကန်သောအတွေးအခေါ်များရရှိရန် စာပေဗဟုသုတနှင့် ပြီးပြည့်စုံနေရမည် ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကိုတည်ဆောက်ရာတွင် ခေတ်အမြင်၊ ခေတ်အသိများရှိပြီး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိကြရမည်ဖြစ်သည်။ လူတိုင်းသည် မိမိနိုင်ငံ မိမိလူမျိုးအတွက် မှန်ကန်သောအတွေးအခေါ်ဖြင့် နိုင်ငံ့အကျိုးကို စွမ်းဆောင်ကြရမည် ဖြစ်သည်။

ယခုအခါ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များ လျော့နည်းစေရန်၊ ဗဟုသုတ တိုးပွားပြီး အသိပညာမြင့်မားရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။ စာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝသူများ တိုးတက်များပြားလာမည်ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတများမြင့်မားရေး၊ အရည်အချင်းပြည့်ဝသောသူများ ပိုမိုဖြစ်ထွန်းရေးတို့သည် စာပေဖတ်ရှုခြင်းမှရရှိသော ရလဒ်ကောင်းများ ဖြစ်သည်။ အရည်အသွေးတောက်ပြောင်ပြီး ဉာဏ်ပညာထူးချွန်ထက်မြက်သော ပြည်သူ့သားကောင်းရတနာများ ပိုမိုဖြစ်ထွန်းရေးအတွက် စာပေဗဟုသုတ ဖတ်ရှုလေ့လာမှု အလေ့အကျင့်များကို စာကြည့်တိုက်များမှတစ်ဆင့် ရယူဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝဘေးအန္တရာယ်နှင့် လျှင်ဒဏ်သင့်ခံရသူများအတွက် ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့က အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ခံစားရသူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ(၅၀၀၀၀) လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မြင့်နှင့် ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Maria Hellen M.Barber၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိလစ်ပိုင်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ သဘာဝဘေးအန္တရာယ် ခံစားနေရသူများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ (၅၀၀၀၀)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H. E.Ms.Maria Hellen M. Barber က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ပေးအပ်လှူဒါန်း

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ငလျင်ဒဏ်သင့်ခံရသူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ထိုင်းနိုင်ငံအစိုးရက ထိုင်းဘတ်ငွေ(၃၀၀၀၀၀၀) လှူဒါန်းပွဲအခမ်းအနားကို ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် ထိုင်းဘတ်ငွေ(၃၀၀၀၀၀၀)ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr.Apirath Vienravi က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ်သန်း ၁၀၀ လှူဒါန်း

နေပြည်တော် မတ် ၃၁

China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ်သန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အလှူငွေများကိုလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ Mr.Tian Yaobin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ Mr. Tian Yaobin က ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် China Electronic Technology Corporation (CETC) International Co.,Ltd . P.R of China မှ Mr. Tian Yaobin က ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ ကျပ်သန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က လက်ခံပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ **ဆုံစည်းခွင့်**
- ၈:၂၅ ၉။ ခါသကြံ့နှ်အဆို၊ အကများ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၅ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄:၂၅ ၄။ ခါသကြံ့နှ်အဆို၊ အကများ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၈။ ခါသကြံ့နှ်အဆို၊ အကများ
- ၅:၃၀ ၉။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ရသစုံလင်အင်တာနက် ဥယျာဉ်**
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၂)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၆)
- ၁၉။ **သီချင်းချစ်သူ** (ဇမ်နူး)
- ၂၀။ အစီအစဉ်ပြီး၏။

နွေစပါးထွန်တုံးပိတ်ပွဲ ဆိပ်ဖြူမြို့နယ်၌ ကျင်းပ

ဆိပ်ဖြူ မတ် ၃၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးထွန်တုံးပိတ်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်၌ ကျင်းပရာ မြင်ကဝကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၂၃) အောက်ဆိပ်ကွင်း ဦးပိုင်အမှတ် (၂၁၆) တောင်သူ ဦးစိုးအောင်၏ ၂ ဒသမ ၉၈ ဧကရှိ လယ်ကွက်၌လည်းကောင်း၊ ဦးပိုင်အမှတ်(၂၀၈) တောင်သူ ဦးပေါက်ကျော်၏ ၁ ဒသမ ၈၄ ဧကရှိ လယ်ကွက်၌လည်းကောင်း ကောက်စိုက်သမအင်အား ၃၀ ဖြင့် စုပေါင်းထွန်တုံးပိတ်စိုက်ပျိုးကြသည်။ **(ဝဲပုံ)**

တက်ရောက်အားပေး

အခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဒေါ်ဌေးဌေးအေး၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းအောင်၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်အားပေးကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

■ အစိုးရအဖွဲ့သစ်ရဲ့ အရေးကြီးဆုံး လုပ်ငန်းစဉ်ကတော့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance)နဲ့ သန့်ရှင်းသောအစိုးရ (Clean Government) ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ဖို့ပဲဖြစ်။ အဲဒီလိုဖြစ်ဖို့အတွက်ဆိုရင် ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးရဲ့ လုပ်ငန်းစဉ်များဟာ ပွင့်လင်းမှုရှိရပါမယ်၊ တာဝန်ခံမှုရှိရပါမယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနဲ့ ကိုက်ညီမှုရှိရပါမယ်၊ ပြည်သူလူထုဆန္ဒသဘောထားကို အလေးထားရပါမယ်၊ အားလုံးပါဝင်နိုင်မှုရှိရပါမယ်၊ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းများဟာ သွက်လက်ပြီး ထိရောက်မှုရှိဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။ (သတင်းစဉ်)

✳ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ဖို့အတွက် တရားဥပဒေစိုးမိုးရေးဟာ မဖြစ်မနေလိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ တရားစီရင်ရေးအဖွဲ့အစည်းများမှာ တာဝန်ရှိသလို ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများမှာလည်း တာဝန်ရှိပါတယ်။

✳ တရားစီရင်ရေးအဖွဲ့အစည်းများအနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဆိုတဲ့ တရားစီရင်ရေးမူများအတိုင်း ရပ်တည်လုပ်ဆောင်သွားဖို့ လိုပါတယ်။

✳ ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ကလည်း ဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာမှာ ကျောသားရင်သားမခွဲခြားဘဲ လုပ်ဆောင်ဖို့၊ မိမိတို့ကိုယ်တိုင်ကလည်း တရားဥပဒေကို စံနမူနာပြ စောင့်ထိန်းဖို့ လိုပါတယ်။ တရားရေးမဏ္ဍိုင်ကလည်း ဖြောင့်မတ်မှန်ကန်မယ်၊ ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း ဥပဒေနဲ့အညီ ပြုမူကျင့်ကြံလုပ်ကိုင်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်မှာဖြစ်။

❖ *ရှေ့ဖုံးမှ*

ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံတော်ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသောအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းဆိုတဲ့ အဆင့်ကို အကောင်အထည်ဖော်ရတော့မှာ ဖြစ်ပါတယ်။

အဲဒီအဆင့်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ကျွန်တော်တို့အားလုံး သိရှိထားသင့်တဲ့ သဘောထားများ၊ လိုက်နာသင့်တဲ့ မူဝါဒများကို ရှင်းလင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့အားလုံးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများကို တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်သူများဖြစ်တဲ့အတွက် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ နောက်ဆုံးအဆင့်ကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်အောင် မဆုတ်မနစ်ကြိုးပမ်းလုပ်ဆောင်ဖို့ တာဝန်ရှိသူတွေလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ ရှင်းလင်းဆွေးနွေးမယ့်အချက်များ၊ လုပ်ငန်းစဉ်များဟာ နိုင်ငံတော်ရဲ့အနာဂတ်လုပ်ငန်းစဉ်များအတွက် အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများခင်ဗျား

အစိုးရအဖွဲ့သစ်ရဲ့ အရေးကြီးဆုံးလုပ်ငန်းစဉ်ကတော့ ကောင်းမွန်သော အုပ်ချုပ်မှု စနစ် (Good Governance) နဲ့ သန့်ရှင်းသောအစိုးရ (Clean Government) ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့အတွက်ဆိုရင် ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အသီးသီးရဲ့ လုပ်ငန်းစဉ်များဟာ ပွင့်လင်းမှုရှိရပါမယ်၊ တာဝန်ခံမှုရှိရပါမယ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနဲ့ ကိုက်ညီမှုရှိရပါမယ်၊ ပြည်သူလူထုဆန္ဒသဘောထားကို အလေးထားရပါမယ်၊ အားလုံးပါဝင်နိုင်မှုရှိရပါမယ်၊ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းများဟာ သွက်လက်ပြီး ထိရောက်မှုရှိဖို့လိုအပ်ပါတယ်။

အခြေခံကောင်းများ

အစိုးရအဖွဲ့ရဲ့ ဒုတိယလုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီကျင့်စဉ် (Democratic Practices) များ ထွန်းကားရေးပဲဖြစ်ပါတယ်။ ဒီကနေ့ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိနေပြီဖြစ်ပါတယ်။ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကနေ ပေါ်ထွက်လာတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးမဏ္ဍိုင်များဟာလည်း သက်ဝင်လှုပ်ရှားနေပြီဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ၎င်းတို့ရဲ့ဆန္ဒအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်နိုင်ခွင့်နဲ့ မိမိကိုယ်တိုင် ရွေးချယ်ခံပိုင်ခွင့်များကိုရရှိနေပြီဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ပေါ်ပေါက်နိုင်ဖို့အတွက် လိုအပ်တဲ့အခြေခံကောင်းများပဲဖြစ်ပါတယ်။

ဒီအခြေခံကောင်းများကနေ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ၊ အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ဆိုရင် အစိုးရအဖွဲ့အတွင်းမှာရော၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှာရော၊ ပြည်သူလူထုအတွင်းမှာပါ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားဖို့လိုအပ်ပါတယ်။ အဲဒီလိုထွန်းကားဖို့ဆိုရင် ပြည်သူများအနေနဲ့ မိမိတို့ရဲ့ လွတ်လပ်ခွင့်နဲ့ အခွင့်အရေးများကို ကျင့်သုံးရာမှာ ဥပဒေနဲ့အညီ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကျင့်ဝတ်များနဲ့အညီ ကျင့်သုံးဖို့ လိုအပ်ပါတယ်။

ရည်ရွယ်လုပ်ဆောင်

အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဘက်ကလည်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာမှာဖြစ်စေ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာမှာဖြစ်စေ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ဟန့်တားပိတ်ပင်သကဲ့သို့မဖြစ်စေဘဲ၊ အဲဒီအခွင့်အရေးများကို နည်းမှန်လမ်းမှန်နဲ့ ပြည်ထောင်စုရဲ့ အကျိုးစီးပွား၊ လူမှုအဖွဲ့အစည်းရဲ့ အကျိုးစီးပွားများကို မထိခိုက်စေဘဲ ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးဖို့အတွက်သာ ရည်ရွယ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

အလားတူပဲ မိမိတို့လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူများရဲ့သဘောထားတွေ၊ တုံ့ပြန်မှုတွေကိုလည်း အလေးထားဖို့လိုအပ်ပါတယ်။ အဲဒီလို ပြည်သူများကရော အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ပါ လွတ်လပ်မှုနဲ့ တာဝန်သိမှု၊ လွတ်လပ်မှုနဲ့ စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန်ကျင့်သုံးကြမယ်ဆိုရင် မြန်မာ့လူ့အဖွဲ့အစည်းဟာ ဒီမိုကရေစီကျင့်စဉ်များထွန်းကားတဲ့ လူ့အဖွဲ့အစည်းဖြစ်လာမှာ သေချာပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁

☆ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဘက်ကလည်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာမှာဖြစ်စေ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာမှာဖြစ်စေ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ဟန့်တားပိတ်ပင်သကဲ့သို့ မဖြစ်စေဘဲ၊ အဲဒီအခွင့်အရေးများကို နည်းမှန်လမ်းမှန်နဲ့ ပြည်ထောင်စုရဲ့ အကျိုးစီးပွား၊ လူမှုအဖွဲ့အစည်းရဲ့ အကျိုးစီးပွားများကို မထိခိုက်စေဘဲ ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးဖို့အတွက်သာ ရည်ရွယ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

☆ အလားတူပဲ မိမိတို့ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူများရဲ့ သဘောထားတွေ၊ တုံ့ပြန်မှုတွေကိုလည်း အလေးထားဖို့လိုအပ်ပါတယ်။ အဲဒီလို ပြည်သူများကရော အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ပါ လွတ်လပ်မှုနဲ့ တာဝန်သိမှု၊ လွတ်လပ်မှုနဲ့ စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန် ကျင့်သုံးကြမယ်ဆိုရင် မြန်မာ့လူ့အဖွဲ့အစည်းဟာ ဒီမိုကရေစီကျင့်စဉ်များထွန်းကားတဲ့ လူ့အဖွဲ့အစည်းဖြစ်လာမှာ သေချာပါတယ်။

စာမျက်နှာ ၃ မှ

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများခင်ဗျား

နောက်ထပ်အလေးထားလုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ခုကတော့ တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ **နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ဖို့အတွက် တရားဥပဒေစိုးမိုးရေးဟာ မဖြစ်မနေလိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ တရားစီရင်ရေးအဖွဲ့အစည်းများမှာ တာဝန်ရှိသလို ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများမှာလည်း တာဝန်ရှိပါတယ်။**

မှန်မှန်ကန်ကန်ဆောင်ရွက်

တရားစီရင်ရေးအဖွဲ့အစည်းများအနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဆိုတဲ့ တရားစီရင်ရေးမူများအတိုင်း ရပ်တည်လုပ်ဆောင်သွားဖို့ လိုပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာ အပ်နှင်းပေးထားသလို မြန်မာနိုင်ငံသမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကိုလည်း ဖွဲ့စည်းပေးထားပြီး ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းများဟာ နိုင်ငံတော်ရဲ့ အဓိကမဏ္ဍိုင်ကြီးသုံးခုအနက် တစ်ခုအပါအဝင်ဖြစ်တဲ့ တရားစီရင်ရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားရမှာဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဥပဒေပြုအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ လုပ်ဆောင်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီ မညီ စိစစ်ခြင်းတို့ကို မှန်မှန်ကန်ကန် တိတိကျကျဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ကလည်း ဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာမှာ ကျောသားရင်သားမခွဲခြားဘဲ လုပ်ဆောင်ဖို့၊ မိမိတို့ကိုယ်တိုင်ကလည်း တရားဥပဒေကို စံနမူနာပြစောင့်ထိန်းဖို့ လိုပါတယ်။ တရားရေးမဏ္ဍိုင်ကလည်း ဖြောင့်မတ် မှန်ကန်မယ်၊ ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း ဥပဒေနဲ့အညီ ပြုမူကျင့်ကြံလုပ်ကိုင်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်မှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးလိုပဲ နောက်ထပ် အလေးထားလုပ်ကိုင်ရမယ့် လုပ်ငန်းစဉ် တစ်ခုကတော့ အစိုးရလုပ်ငန်းများ လျင်မြန်သွက်လက်ရေးနဲ့ ထိရောက်မှုရှိရေးပဲဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ လက်ရှိ (၅)နှစ်စီမံကိန်းပါ ရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်သွားဖို့လိုပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ နိုင်ငံတော်အတွက် လိုအပ်တဲ့ အခြေခံကောင်းများတည်ဆောက်ပေးခဲ့ပြီးဖြစ်တဲ့အတွက် အဲဒီအခြေခံကောင်းများကို အသုံးပြုပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံမှာ အောင်မြင်မှုများ၊ ရလဒ်ကောင်းများရရှိအောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

သို့သော် အဲဒီလိုလုပ်ဆောင်ရာမှာ ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများကို လျစ်လျူရှုခြင်း၊ ကုန်ကျစရိတ်နှင့် အလေအလွင့်များကို အလေးမထားခြင်းစတဲ့ အစွန်းတရားများကို ရှောင်ရှားဖို့လိုပါတယ်။ နောက်ပြီး မိမိတို့ အစိုးရအဖွဲ့ဟာ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်သူများကို တာဝန်ခံရတဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် ပြည်သူ့ဆန္ဒသဘောထားနဲ့ လိုအပ်ချက်များကိုလည်း အလေးထားဖို့ လိုအပ်ပါတယ်။

တစ်ဖက်ကလည်း စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းများရဲ့ အခန်းကဏ္ဍကို အလေးထားဖို့ လိုအပ်ပါတယ်။ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူတွေသိသင့်တဲ့အချက်များကို *စာမျက်နှာ ၅ ကော်လံ ၃*

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ပါဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများပါဝင်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။
(သတင်းစဉ်)

▲ နောက်ထပ် အလေးထားလုပ်ကိုင်ရမယ့် လုပ်ငန်းစဉ်တစ်ခုကတော့ အစိုးရလုပ်ငန်းများ လျင်မြန်သွက်လက်ရေးနဲ့ ထိရောက်မှုရှိရေးပဲဖြစ်။အစိုးရအဖွဲ့အနေနဲ့ လက်ရှိ (၅)နှစ် စီမံကိန်းပါ ရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်သွားဖို့ လိုပါတယ်။

▲ သို့သော် အဲဒီလိုလုပ်ဆောင်ရာမှာ ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများကို လျစ်လျူရှုခြင်း၊ ကုန်ကျစရိတ်နှင့် အလေအလွင့်များကို အလေးမထားခြင်းစတဲ့ အစွန်းတရားများကို ရှောင်ရှားဖို့ လိုပါတယ်။ နောက်ပြီး မိမိတို့အစိုးရအဖွဲ့ဟာ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်သူများကို တာဝန်ခံရတဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် ပြည်သူ့ဆန္ဒသဘောထားနဲ့ လိုအပ်ချက်များကိုလည်း အလေးထားဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

အသိပေးသွားဖို့လိုသလို စာနယ်ဇင်းများက အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

အစိုးရအဖွဲ့ရဲ့လုပ်ငန်းများ လျင်မြန်သွက်လက်ရေးနဲ့ ထိရောက်မှုရှိရေးအတွက် နောက်ထပ်လိုအပ်ချက်ကတော့ ဝန်ကြီးဌာနများအတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှုကောင်းမွန်ရေးပဲ ဖြစ်ပါတယ်။ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများပါ ရှိလာပြီဖြစ်တဲ့အတွက် အစိုးရအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်ရေးဟာ ပိုပြီးအရေးကြီးလာပြီဖြစ်ပါတယ်။ ယနေ့ ဆောင်ရွက်နေရတဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများဟာ ကြီးမားကျယ်ပြန့်တဲ့အတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ဌာနတစ်ခုတည်းစွမ်းအားနဲ့ လုပ်ဆောင်လို့မရနိုင်ပါဘူး။ ဒီလိုပဲ ပြည်ထောင်စုအဆင့်တစ်ခုတည်း၊ တိုင်းဒေသကြီးအဆင့်တစ်ခုတည်း၊ ပြည်နယ်အဆင့် တစ်ခုတည်းနဲ့လည်း အကောင်အထည်ဖော်ဆောင်ရွက်လို့ မရနိုင်ပါဘူး။ ဒါ့ကြောင့် အစိုးရအဖွဲ့အတွင်းမှာ အထက် အောက်နဲ့ဘေးတိုက် ပူးပေါင်းဆောင်ရွက်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးဟာ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်သွက်လက် ထက်မြက်ရေးအတွက် အလွန်အရေးကြီးပါတယ်။

★ တစ်ဖက်ကလည်း စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းများရဲ့အခန်းကဏ္ဍကို အလေးထားဖို့ လိုအပ်ပါတယ်။ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူတွေသိသင့်တဲ့ အချက်များကို အသိပေးသွားဖို့ လိုသလို စာနယ်ဇင်းများက အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားဖို့ လိုအပ်မှာဖြစ်။

✳ အစိုးရအဖွဲ့ရဲ့လုပ်ငန်းများ လျင်မြန်သွက်လက်ရေးနဲ့ ထိရောက်မှုရှိရေးအတွက် နောက်ထပ်လိုအပ်ချက်ကတော့ ဝန်ကြီးဌာနများအတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်ရေးပဲဖြစ်။ အခုဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများပါ ရှိလာပြီဖြစ်တဲ့အတွက် အစိုးရအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှုကောင်းမွန်ရေးဟာ ပိုပြီးအရေးကြီးလာပြီဖြစ်။

✳ ဒါ့ကြောင့် အစိုးရအဖွဲ့အတွင်းမှာ အထက်အောက်နဲ့ ဘေးတိုက် ပူးပေါင်းဆောင်ရွက်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးဟာ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်သွက်လက် ထက်မြက်ရေးအတွက် အလွန်အရေးကြီးပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားသူကြီးများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများခင်ဗျား

အခုဆိုရင် အိမ်နီးချင်းနိုင်ငံများနဲ့ နိုင်ငံတကာအသိုင်းအဝန်း အားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွက်လာတဲ့ အစိုးရအဖွဲ့ရဲ့ ပုံသဏ္ဌာန်ကဘာလဲ၊ လုပ်ငန်းတာဝန်တွေကို ဘယ်လိုထမ်းဆောင်မှာလဲ၊ ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အစိုးရအဖွဲ့များရဲ့ဆက်ဆံမှု၊ ပေါင်းစပ်ညှိနှိုင်းမှု အခြေအနေက ဘယ်လိုလဲဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်နေကြပြီ ဖြစ်ပါတယ်။

မျှော်လင့်

အလားတူပဲ ပြည်သူများကလည်း အစိုးရသစ်ရဲ့ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရ၊ လုပ်နည်းလုပ်ဟန်၊ အနာဂတ်အစီအမံ စတာတွေကို မျှော်လင့်တကြီးနဲ့ စောင့်ကြည့်နေကြပြီ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဟာ အခုမှ မွေးဖွားခါစပဲရှိပါသေးတယ်။ ရင့်ကျက်ဖွံ့ဖြိုးလာအောင် တည်ဆောက်ကြရဦးမှာဖြစ်ပါတယ်။ အဲဒီလိုတည်ဆောက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုရေးရာများကို တာဝန်ယူ ဆောင်ရွက်ရတဲ့ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။ အုပ်ချုပ်မှုရေးရာများဟာ ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝအပေါ် အဓိကလွှမ်းမိုးနေတဲ့ ကိစ္စများလည်းဖြစ်ပါတယ်။ ပြည်သူတွေက စနစ်တစ်ခု ကောင်းမကောင်း ဆုံးဖြတ်ရာမှာ သူတို့ရဲ့ နေ့စဉ်လူနေမှုဘဝအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်တယ်ဆိုတာနဲ့ပဲ တိုင်းတာမှာဖြစ်ပါတယ်။ *စာမျက်နှာ ၆ ကော်လံ ၁*

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

အုပ်ချုပ်မှုယန္တရားက ပြည်သူတွေရဲ့ လူနေမှုဘဝ၊ လူမှုစီးပွားဘဝကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူတွေကို မျှမျှတတဆက်ဆံမယ်ဆိုရင်၊ ပြည်သူတွေဟာ တရားဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်မယ်ဆိုရင် ဒီအုပ်ချုပ်ရေးမဏ္ဍိုင်ကို ဖော်ဆောင်ပေးထားတဲ့ အခြေခံဥပဒေကို ယုံကြည်အားကိုးမှာပဲဖြစ်ပါတယ်။ ဥပဒေပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတဲ့ ဥပဒေပြုအဖွဲ့အစည်းတွေ၊ ဥပဒေပြု အဖွဲ့အစည်းများမှာ တာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေကို ယုံကြည်အားကိုးမှာပဲဖြစ်ပါတယ်။

အစိုးရကောင်း

ဒါကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်တဲ့နေရာမှာ အခုပထမဆုံးငါးနှစ်ဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ ဒီငါးနှစ်မှာ ကျွန်တော်တို့အနေနဲ့ ခိုင်မာမှန်ကန်တဲ့ ခြေလှမ်းတွေကို လှမ်းနိုင်မယ်ဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ ရှေ့ခရီးဟာ ဖြောင့်ဖြူးနေပြီလို့ ဆိုနိုင်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့အစိုးရဟာ အုပ်ချုပ်မှုစနစ်ကောင်းမွန်တဲ့ (Good Governance) အစိုးရကောင်းတစ်ရပ် ဖြစ်ရပါမယ်။ သန့်ရှင်းတဲ့ (Clean Government) အစိုးရဖြစ်ဖို့ လိုပါတယ်။

အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့အတွက် စီမံခန့်ခွဲမှုကောင်းဖို့လိုပါတယ်။ အုပ်ချုပ်မှုကောင်းဖို့လိုပါတယ်။ ပြည်သူတွေအပေါ် စေတနာထားရပါမယ်။ ပြည်သူ့ရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးရပါမယ်။ ပြည်သူကိုအလုပ်အကျွေးပြုကြရမှာဖြစ်ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။ (သတင်းစဉ်)

● ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ အခု ပထမဆုံးငါးနှစ်ဟာ အရေးကြီးဆုံးဖြစ်။ ဒီငါးနှစ်မှာ ကျွန်တော်တို့အနေနဲ့ ခိုင်မာမှန်ကန်တဲ့ ခြေလှမ်းတွေကို လှမ်းနိုင်မယ်ဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ ရှေ့ခရီးဟာ ဖြောင့်ဖြူးနေပြီလို့ ဆိုနိုင်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့အစိုးရဟာ အုပ်ချုပ်မှုစနစ်ကောင်းမွန်တဲ့ (Good Governance) အစိုးရကောင်းတစ်ရပ် ဖြစ်ရပါမယ်။ သန့်ရှင်းတဲ့ (Clean Government) အစိုးရဖြစ်ဖို့ လိုပါတယ်။

● အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့အတွက် စီမံခန့်ခွဲမှုကောင်းဖို့ လိုပါတယ်။ အုပ်ချုပ်မှုကောင်းဖို့ လိုပါတယ်။ ပြည်သူတွေအပေါ် စေတနာထားရပါမယ်။ ပြည်သူ့ရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးရပါမယ်။ ပြည်သူကို အလုပ်အကျွေးပြုကြရမှာဖြစ်။

● သန့်ရှင်းတဲ့ (Clean Government)ဖြစ်ဖို့အတွက်ကတော့ အဂတိတရားကင်းရှင်းဖို့ လိုအပ်ပါတယ်။ လာဘ်ပေးလာဘ်ယူခြင်းဟာ တိုင်းပြည်နဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းကြောင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတာဝန်ယူရတဲ့ အဖွဲ့အစည်းအားလည်းကောင်း ကင်းကင်းရှင်းရှင်းရှိအောင် ထိန်းကျောင်းကြပ်မတ်သွားကြဖို့ လိုအပ်ပါတယ်။

*** မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဟာ အခုမှ မွေးဖွားခါစပဲရှိပါသေးတယ်။ ရင့်ကျက်ဖွံ့ဖြိုးလာအောင် တည်ဆောက်ကြရဦးမှာဖြစ်။ အဲဒီလို တည်ဆောက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုရေးရာများကို တာဝန်ယူဆောင်ရွက်ရတဲ့ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်ရဲ့ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။ အုပ်ချုပ်မှုရေးရာများဟာ ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝအပေါ် အဓိကလွှမ်းမိုးနေတဲ့ ကိစ္စများလည်းဖြစ်။ ပြည်သူတွေက စနစ်တစ်ခု ကောင်းမကောင်းဆုံးဖြတ်ရာမှာ သူတို့ရဲ့ နေ့စဉ်လူနေမှုဘဝအပေါ်မှာ ဘယ်လို အကျိုးသက်ရောက်တယ်ဆိုတာနဲ့ပဲ တိုင်းတာမှာဖြစ်။**

*** အုပ်ချုပ်မှုယန္တရားက ပြည်သူတွေရဲ့ လူနေမှုဘဝ၊ လူမှုစီးပွားဘဝကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူတွေကို မျှမျှတတဆက်ဆံမယ်ဆိုရင်၊ ပြည်သူတွေဟာ တရားဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်မယ်ဆိုရင် ဒီအုပ်ချုပ်ရေးမဏ္ဍိုင်ကို ဖော်ဆောင်ပေးထားတဲ့အခြေခံဥပဒေကို ယုံကြည်အားကိုးမှာပဲဖြစ်။ ဥပဒေပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတဲ့ ဥပဒေပြုအဖွဲ့အစည်းတွေ၊ ဥပဒေပြု အဖွဲ့အစည်းများမှာ တာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေကို ယုံကြည်အားကိုးမှာပဲဖြစ်။**

1-4 (06).pmd 1 4/1/2011, 2:47 AM

စာမျက်နှာ ၆ မှ

သန့်ရှင်းတဲ့ (Clean Government) ဖြစ်ဖို့အတွက်ကတော့ အဂတိတရားကင်းရှင်းဖို့ လိုအပ်ပါတယ်။ လာဘ်ပေးလာဘ်ယူခြင်းဟာ တိုင်းပြည်နဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းကြောင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတာဝန်ယူရတဲ့ အဖွဲ့အစည်းအားလည်းကောင်း ကင်းကင်းရှင်းရှင်းရှိအောင် ထိန်းကျောင်းကြပ်မတ်သွားကြဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်က အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို တလွဲအသုံးချပြီး မိမိအပေါင်းအသင်းရောင်းရင်းတွေဖြစ်လို့ အခွင့်အရေးပိုပေးတာတွေ၊ မိမိရဲ့ ဆွေမျိုးသားချင်းတွေဖြစ်လို့ အခွင့်အလမ်းတွေ ပိုပြီးဖန်တီးပေးတာတွေ မလုပ်မိဖို့ အထူးအရေးကြီးပါတယ်။ ဒါတွေကို ရှောင်ကြဉ်နိုင်မှ သန့်ရှင်းတဲ့ (Clean Government) အဖြစ် မှတ်ကျောက်တင်ခံကြရမှာဖြစ်ပါတယ်။

အပြည့်အဝမယူသင့်

နိဂုံးချုပ်အနေနဲ့ ကျွန်တော်အထူးအလေးထား ပြောကြားလိုတာကတော့ ကျွန်တော်တို့တိုင်းပြည်ဟာ ကြွယ်ဝချမ်းသာတဲ့တိုင်းပြည်အဆင့်ကိုမရောက်သေးဘူးဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ယခင့် ယခင်ကနဲ့စာရင် တပ်မတော်အစိုးရလက်ထက်မှာ တိုးတက်လာတာမှန်သော်လည်း စားဝတ်နေရေးပြည့်စုံဖူလုံမှု မရှိသူတွေ၊ တစ်နေ့စာတစ်နေ့ ရှာဖွေစားသောက်နေရတဲ့ လက်လုပ်လက်စားသမားတွေ၊ အလုပ်အကိုင်မရှိသူတွေ ရှိနေဆဲဖြစ်ပါတယ်။ ဒီလိုဆင်းရဲနွမ်းပါးသူတွေ ရှိနေလျက်နဲ့ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုကြမယ့် ကျွန်တော်တို့အဆင့်ဆင့်သော အစိုးရအဖွဲ့အနေနဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးဆိုသော်လည်း ဒီအခွင့်အရေးတွေကို အပြည့်အဝမယူသင့်ကြဘူးလို့ ယူဆပါတယ်။

ဒါကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ဥပဒေအမှတ်၊ ၂/၃/၄/၅ တို့အရ **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များရဲ့ လစဉ်ချီးမြှင့်ငွေကို နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေနဲ့ နိုင်ငံသားများ၏အကျိုးကို ရှေးရှုသောအားဖြင့် မိမိတို့ခံစားခွင့်ပြုထားသော လစဉ်ချီးမြှင့်ငွေများကို အပြည့်အဝ ခံစားခြင်းမပြုဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဗဟိုအဖွဲ့အစည်း အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ခံစားခဲ့သော လစဉ်ထောက်ပံ့ငွေ အတိုင်းသာ ခံစားသွားမှာဖြစ်**ပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြစဉ်။ (သတင်းစဉ်)

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှင့်ပင်စင်လစာတို့ကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သောအချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

✳ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များရဲ့ လစဉ်ချီးမြှင့်ငွေကို နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ နိုင်ငံတော်၏ ငွေရေးကြေးရေး အခြေအနေနဲ့ နိုင်ငံသားများ၏အကျိုးကို ရှေးရှုသောအားဖြင့် မိမိတို့ခံစားခွင့်ပြုထားသော လစဉ်ချီးမြှင့်ငွေများကို အပြည့်အဝခံစားခြင်းမပြုဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဗဟိုအဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ခံစားခဲ့သော လစဉ်ထောက်ပံ့ငွေအတိုင်းသာ ခံစားသွားမှာဖြစ်။

✳ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှင့်ပင်စင်လစာတို့ကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သော အချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်။

အထူးပညာသင်ထောက်ပံ့ကြေး ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

အင်္ဂလန်နိုင်ငံရှိ London School of Commerce နှင့် CROWN Education တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပညာသင်ထောက်ပံ့ကြေး ရွေးချယ်ပေးအပ်မည့် အစီအစဉ်ကို ဧပြီ ၂ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ PARKROYAL Hotel ၌ ကျင်းပမည် ဖြစ်သည်။

London School of Commerce သည် Highly Trusted Sponsor ကျောင်းတစ်ကျောင်း ဖြစ်ကာ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက် အထူးပညာသင်ထောက်ပံ့ကြေးများပေးအပ်သွားမည့် အစီအစဉ်အသေးစိတ်ကို ဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး သတ်မှတ်ချက် အရည်အချင်း ပြည့်မီသူများ CROWN Education တွင် စုံစမ်းလျှောက်ထားနိုင်သည်။

London School of Commerce တွင် B.Sc(Hons:) Accounting, B.A (Hons:) Business Studies, BSc(Hons:) Computing, MBA, MIT Program များကို Degree Foundation မှစ၍ Master Program အထိ သင်ယူနိုင်ပြီး LSC ၏ Accredit University ဖြစ်သော University Wales Institute of Cardiff မှ ဘွဲ့ပေးအပ် ချီးမြှင့်မည်ဖြစ်သည်။

အထူးပညာသင် ထောက်ပံ့ကြေး လျှောက်ထားရာတွင် လျှောက်ထားသူ၏ ပညာရေးစာရွက်စာတမ်းများအပြင် ကိုယ်ရေးရာဇဝင် မှတ်တမ်း (CV)၊ IELTS Original Certificate၊ သက်တမ်းခြောက်လရှိ ပတ်စပို့မိတ္တူ၊ သုံးလအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ တစ်ပုံ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး မိမိရွေးချယ်သည့် ဘာသာရပ်ကို မည်သည့်အတွက်ကြောင့် စိတ်ဝင်စားကြောင်း စာလုံးရေ ၂၀၀ ခန့် ရေးသားတင်ပြရမည်ဖြစ်သည်။

ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ် အချက်အလက်များကို CROWN Education ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ-၂၂၈-၂၂၉ နှင့် ဖုန်း-၀၉-၇၃၁၇၀၀၂၀ တို့တွင် ဆက်သွယ်စာရင်းပေးစုံစမ်း မေးမြန်းနိုင်သည်။

(သတင်းစဉ်)

❍ *ကျော်ဖုံးမှ*

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြစ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ ကောင်စီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ဆောင်ရွက်သည်။

နေရာယူ

ရှေးဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ ကတိသစ္စာပြုရန် နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးသိန်းညွန့်က ကတိသစ္စာကို တိုင်ပေးပြီး ကတိသစ္စာပြုသည့် ပုဂ္ဂိုလ်အားလုံးက **"ကျွန်ုပ်-------------သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။**

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်မည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ကတိသစ္စာပြုပါသည်။" ဟူ၍ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းမြွက်ကြားသည်။

(နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်၍ အခမ်းအနားမှူးက နိုင်ငံတော်သမ္မတ မြွက်ကြားခဲ့သော မိန့်ခွန်းကို မှတ်တမ်းတင်ခွင့်ပြုပါရန် တင်ပြရာ နိုင်ငံတော်သမ္မတက ခွင့်ပြုသည့်အတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ကြေညာ

ထို့နောက် အခမ်းအနားမှူးက ကတိသစ္စာပြုခြင်း အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့လည်း တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများပါဝင်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားသူကြီးများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့အခမ်းအနားသို့ တက်ရောက် လာကြသူများအား ထမင်းစားခန်းမတွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ နေ့လယ်စာ သုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား ထမင်းစားခန်းမတွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း ၁၆၇၃၈ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် မတ် ၃၁

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြစဉ်။

(သတင်းစဉ်)

ဥတုရာသီ တောကို မှီ၏

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံထားရသူများက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြု

နေပြည်တော် မတ် ၃၁

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယမန်နေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပကြသည်။

အဆိုပါ အစည်းအဝေးများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေနှင့် အမည်စာရင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အသီးသီး၌ တင်ပြကြပြီး အတည်ပြုကြေညာခဲ့ကြကြောင်း သိရှိရသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မိုးကောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးနွယ်၊ အတွင်းရေးမှူးအဖြစ် ဗန်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ဆွေ၊ အဖွဲ့ဝင်များအဖြစ် ဆော့လော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်ဒေါင်၊ ပူတာအိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးအားရီ၊ ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလီပေါ်ရဲ့၊ ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်လေးဖုန်၊ ချီဖွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇခုန်ယိန်းဆောင်၊ တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကွမ်ဆောင်းဆမ်အောန်၊ နောင်မွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမဘုဒဂုဏ်နှင့် မံစီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထွန်းကြိုင်တို့ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဖာဆောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောကိုဒီ၊ အတွင်းရေးမှူးအဖြစ် မဲ့စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်အဖြစ် ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရီးချက်တို့ဖြင့် တာဝန် ပေးအပ်ဖွဲ့စည်းသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဖာပွန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ပဒိုဦးအောင်ဆန်း၊ အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးမြင့်ကို၊ အဖွဲ့ဝင်များအဖြစ် လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောရှားထွန်ဖောင်၊ သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောဂျေအေဝင်းမြင့်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမင်းအောင်လင်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ ဗိုလ်ကြီး နေလင်းအုပ်တို့ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဖလမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးနိုးဆွန်၊ အတွင်းရေးမှူးအဖြစ် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျိုးထန်း၊ အဖွဲ့ဝင်များအဖြစ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးလာလ်မောင်ကျုံး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး သက်လွင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်ကြီးမျိုးမောင်မောင်သွင်တို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ရွှေဘိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းကိုကို၊ အတွင်းရေးမှူးအဖြစ် ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်ဆွေ၊ အဖွဲ့ဝင်များအဖြစ် မော်လိုက်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုးမြင့်၊ စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိန်ခဲ၊ ဝန်းသိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထိန်မင်း၊ မင်းကင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမောင်မောင်စန်းနှင့် ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ဇော်ဦးတို့ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် သရက်ချောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုးထွေး၊ အတွင်းရေးမှူးအဖြစ် ကျွန်းစုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်စိုး၊ အဖွဲ့ဝင်များအဖြစ် ဘုတ်ပြင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထွန်းအေး၊ တနင်္သာရီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ဆန်းလွင်နှင့် ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးရွှေစန်းတို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခင်မောင်လွင်၊ အတွင်းရေးမှူးအဖြစ် ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်ဆန်းဦး၊ အဖွဲ့ဝင်များအဖြစ် ရွှေတောင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးတင်မောင်မြင့်၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်နွဲ့နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး သိန်းလွင်ဦးတို့ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မင်းလှမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမျိုးမြင့်၊ အတွင်းရေးမှူးအဖြစ် မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမောင်မောင်တင်၊ အဖွဲ့ဝင်များအဖြစ် ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမောင်မောင်စိုး၊ ပခုက္ကူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇော်မိုးသိန်းနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးညဏ်လင်းအောင်တို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မိတ္ထီလာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောငွေ၊ အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးပြောင်း၊ အဖွဲ့ဝင်များအဖြစ် စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးတောက်၊ စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးစိန်သောင်း၊ တောင်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဌေးအောင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဖုန်းမြင့်နိုင်တို့ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

မွန်ပြည်နယ်

မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိန်မြင့်၊ အတွင်းရေးမှူးအဖြစ် ပေါင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးချမ်းမြင့်၊ အဖွဲ့ဝင်များအဖြစ် ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမောင်လန်း၊ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှထွန်းနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး သက်မင်းထွန်းတို့ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မြေပုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမောင်လုံး၊ အတွင်းရေးမှူးအဖြစ် အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း၊ တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်သန်းစိန်နှင့် ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမောင်လှကျော်တို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ကမာရွတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြငွေ၊ အတွင်းရေးမှူးအဖြစ် ဒဂုံ (ဆိပ်ကမ်း) မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်လှိုင်၊ အဖွဲ့ဝင်များအဖြစ် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမင်းသိမ်း၊ ဒဂုံ (တောင်) မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်စန်းစန်းဝင်း၊ မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသက်ထွန်းမောင်၊ ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဒေါက်တာညိုညိုသင်းနှင့် လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုးဝင်းတို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးညွန့်ဝင်း၊ အတွင်းရေးမှူးအဖြစ် မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော်၊ အဖွဲ့ဝင်များအဖြစ် မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကံ၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမွန်း(ခ) ဦးစိုင်းကျော်ထွန်းနှင့် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအာဗြာဟန်တို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ပုသိမ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာခင်ခင်စီ၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ကျော်စိန်၊ အဖွဲ့ဝင်များအဖြစ် ပန်းတနော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမန်းသက်တင်၊ ဓနုဖြူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှမြင့်၊ မအူပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရန်ဝင်း၊ မော်လမြိုင်ကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်အောင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်မျိုးမြင့်တို့ဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းသည်။

တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံထားရသူများက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြကြောင်းနှင့် ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၂/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဧပြီ ၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ် Function Hall ၌ ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် "B.Arch Thesis Talk" ခေါင်းစဉ်ဖြင့် ဝါရင့်ဗိသုကာများက ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ရာ Thesis ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း-၀၉-၇၃၁-၅၃၀၈၄ နှင့် ၀၁-၇၂၃၁၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လျှော်ဘေးကယ်ဆယ်ရေးအတွက် ထိုင်းဘုရင့်တပ်မတော်မှ ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်းပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ တက်ရောက်

နေပြည်တော် မတ် ၃၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေတို့သည် တာဝန်ရှိသူများနှင့်အတူ မတ် ၃၁ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ ကျိုင်းတုံလေယာဉ်ကွင်း၌ တာလေငလျင်ဘေး ကယ်ဆယ်ရေးအတွက် ထိုင်းဘုရင့်တပ်မတော်မှ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် ထိုင်းနိုင်ငံရှိ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များက မြန်မာသံရုံးမှတစ်ဆင့် လှူဒါန်းသော ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ထိုင်းဘုရင့်တပ်မတော်မှ ကိုယ်စားလှယ်တစ်ဦးက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်မှ လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ အဝတ်အထည် ၅၀၀၀၊ အရေးပေါ်မီးအိမ်အလုံး ၂၀၀၊ ရေသန့်ဖာ ၁၀၀၊ မာမီးခေါက်ဆွဲ ဖာ ၁၀၀၊ အခြားစားသောက်ဖွယ်ရာ ၁၀ ဖာနှင့် ထိုင်းနိုင်ငံရှိ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များက ထောက်ပံ့လှူဒါန်းသည့် အောက်စီဂျင်စက် ၁၀ စုံ၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၀၅၅၅၅ အား ထိုင်းဘုရင့်တပ်မတော်ကိုယ်စားလှယ်မှပေးအပ်ရာ တိုင်းမှူးနှင့် တွဲဖက်စစ်ရေးချုပ်တို့က လက်ခံပြီး တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှော်ဒဏ်သင့် တာလေမြို့နယ်ခွဲအတွင်းရှိ မြို့ရွာများသို့ စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံစဉ်။ (သတင်းစဉ်)

ကြည်း၊ရေ၊လေ တပ်မတော်သားများနှင့်မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှူငွေများကို ပေးအပ်လှူဒါန်းရာ လျှော်ဒဏ်သင့် ဒေသခံပြည်သူလူထုကိုယ်စား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး လက်ခံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူးနှင့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေတို့သည် တာလေမြို့ အမှတ်(၂) ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်း၌ကျင်းပသော လျှော်ဒဏ်သင့် တာလေမြို့နယ်ခွဲအတွင်းရှိ မြို့ရွာများသို့ ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် မိသားစုဝင်များမှ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှူငွေ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှူငွေကျပ် ၁၂၃၇၈၆၄၀၀ ကို ပေးအပ်လှူဒါန်းရာ လျှော်ဒဏ်သင့် ဒေသခံ ပြည်သူလူထုကိုယ်စား တိုင်းမှူးက လက်ခံသည်။

ထို့နောက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက လက်ခံကြသည်။

ဆက်လက်၍ လျှော်ဒဏ်သင့် ပြည်သူလူထုကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေတို့သည် တက်ရောက်လာကြသော ဒေသခံပြည်သူလူထုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၃၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်မှ ၁၂ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၁ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အမြို့မြို့ အနယ်နယ်၌ လမ်း၊ တံတားသစ်များဖွင့်

ဟိုပင်မြို့ မြဝေယျာရပ်ကွက် ဓမ္မသီရိလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ ရက်က အဆိုပါ မုခ်ဦးရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစိုးသန်းနှင့် မြို့မိမြို့ဖ ဦးညီလေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာ၌ အလှူရှင် ဦးဇာနည်အောင်၊ ဒေါ်မိုးမိုးခိုင်နှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းဆောက်လုပ်သည့် ကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ အလှူရှင်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၈၃)

မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ဘိုးဘွားရိပ်သာလမ်းအပိုင်း (၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါ လမ်းမုခ်ဦး၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့နယ် အစင်စံပြကျေးရွာ အစင်ရွာတွင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးသန်းရှိန်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက်၌ အရှည်ပေ ၅၂၀၊ အကျယ် ၁၂ပေရှိ ဂန္ဓမာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းမင်းက တာဝန်ရှိသူတစ်ဦးအား အထိမ်းအမှတ်အလံပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

မဟာသင်္ကြန် အကြို ဝိန် အရောင်းပွဲတော်

ဝိန်နန်းတော် ရတနာစင်တာ

Since 1994

၁-၄-၂၀၁၁ မှ
၆-၄-၂၀၁၁ အထိ

5% to 30% Off

ရွှေဥရာစုသစ် ဝိန်ရွှေရတနာဆိုင်၏
ပိတောက်ပန်းတို့ မွှင့်လန်းရာ နှစ်ကူးသီ အထူးအစီအစဉ်

ရွှေထည် 30%
ဝိန်ထည် 20% Discount
10-3-2011 - 12-4-2011

NAYPYITAW EXPO' 2011

Smart Group- (Ph) 01-527583, 09-73014777

Admin Manager

PYAE SOAN WIN NAING INDUSTRY CO.,LTD

သတ္တုတူးဖော်ရေး အင်ဂျင်နီယာမိသားစု သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

သတ္တုတူးဖော်ရေး အင်ဂျင်နီယာမိသားစု နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဆရာကန်တော့ပွဲကို ဧပြီ ၉ ရက်(စနေနေ့) ညနေ ၅နာရီတွင် ဘုရင့်နောင်လမ်း ရွှေမာလာရိပ်မွန် Lion City Restaurant ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးစန်းညွန့် ဖုန်း-၀၉-၂၃၀၅၇၃၆၊ ဦးလှဖေမြင့် ဖုန်း-၀၉-၅၁၉၈၅၈၇၊ ဦးသန်းလင်း ဖုန်း-၀၉-၅၁၀၄၀၀၃၊ ဦးခင်ဖေ ဖုန်း-၀၆၇-၂၂၁၀၂၊ ဒေါက်တာမျိုးညွှန့် ဖုန်း-၀၉-၅၀၉၇၅၇၄ နှင့် ဦးကျော်ကျော်လွင် ဖုန်း-၀၉-၅၀၉၅၇၅၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို မတ် ၂၆ ရက်က ပျော်ဘွယ်မြို့ မြို့မဈေးကြီးတွင်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မီးသတ်ရေပိုက်များဖြင့် မီးငြိမ်းသတ်နည်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ အောင်ချမ်းသာရပ်၊ ၁၄နယ်မြေ၊ အိမ်အမှတ် ၆၀၃နေ ကျွန်တော်၊ ကျွန်မတို့၏သား မောင်မျိုး (ခ) မောင်မျိုးဝင်း ၉/မကန(နိုင်) ၀၇၉၀၁၃ သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘနှင့် မောင်နှမများအား စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပြီး ၎င်း၏ သဘောဆန္ဒအလျောက် ၈-၃-၂၀၁၁ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြထွန်း
၉/မကန(နိုင်)၀၀၉၉၈၈၊
ဒေါ်ဝင်းရီ
၉/မကန(နိုင်)၀၁၀၅၄၉။

Junction Cineplex
Junction Mini Theatre
Movie Gift @ Junction
1st Apr 2011 to 12th Apr 2011
BUY 5 TICKETS GET FREE
BUY 2 TICKETS GET FREE
Terms & Conditions Applied. Junction Cineplex : 01-225244 , Junction Mini Theatre : 067-421615

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-H)၊ မြေကွက်အမှတ်(၈၂/၅)၊ မြေဧရိယာ ၀ဒသမ၀၇၂ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းထွေး(ခ) တေလေ အွန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၁၄၃၆/၁၉၉၀အရ ဝယ်ယူထားသူ ဦးစောလစ်ဗိုး(ခ)ဦးကျော်စိုးလင်း TME-021010 (၁၂/တမန(နိုင်)၀၇၆၉၆၅)က ဦးမောင်မောင်ထွန်းနှင့် ဒေါ်မြင့်မြင့်ကြည်အား အရောင်းအဝယ်စာချုပ်အမှတ် ၁၆၁၄/၂၀၀၀ဖြင့် ရောင်းချထားပါသည်။ ၎င်းတို့ထံမှ ၂၀-၁-၂၀၁၁ရက်တွင် ပြုလုပ်သည့် စရန်ပေးစာချုပ်အရ ဝယ်ယူထားသူဦးကျော်မြင့်မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်၊ စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B)	**ဒေါ်လှလှခိုင် (LL.B)**
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ (၅၄၁၀)**

အမှတ်(၉/၁၁)၊ အခန်းအမှတ် (၂၀၁-A) ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး(ရန်ကုန်တောင်ပိုင်းခရိုင်)၊ သန်လျင်မြို့နယ်၊ သောက်တော်ကွင်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်(၈၅)ဟုခေါ်တွင်သော ကျေးရွာအုပ်စု (သောက်တော်ကွင်း)၊ ကွင်း/အကွက်အမှတ်(အညာစုကွက်)၊ ဦးပိုင်အမှတ်(က/၁၁၈)၊ မြေဧရိယာ ၀ဒသမ ၄၄၀ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို ရန်ကုန်တောင်ပိုင်းခရိုင်၊သန်လျင်မြို့နယ်၊ မြို့မြေစာရင်းဦးစီးဌာနတွင် ဦးမြင့်လှိုင်တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)	**ဒေါ်လှလှခိုင်(LL.B)**
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

တိုက်(၉/၁၁)၊ အခန်း(၂၀၁-အေ) ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

လေးမျက်နှာမြို့နယ် လော်ကထားတိုက်နယ်ဆေးရုံဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် မတ် ၃၁

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် မတ် ၂၄ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ဇရာရွှေဝါခန်းမ၌ ကျင်းပသည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် လေးမျက်နှာမြို့နယ် လော်ကထားတိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး အလှူရှင်တစ်ဦးက တိုက်နယ်ဆေးရုံသစ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့နယ်ခွဲ(မြောက်စမ်း) နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး အိမ်ထောင်စုဝင်များ၏ ရာသီသီးနှံစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ရုပ်မြင်သံကြားဖမ်းစက်တစ်စုံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် လေးမျက်နှာ စီဒီအမ်အေ-၄၅၀ ရေဒီယိုစခန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ ငဝန်တာ မိုင် ၄၅/၀ မှ ၄၆/၂ အတွင်း (ဗောဓိကန်း)ပန်းတာသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Chigo Air-con ရုံးချုပ်၊ Show Room နှင့် Service Center နေရာပြောင်းရွှေ့ဖွင့်လှစ်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

MCG Co., Ltd. (Chigo Air-con မိသားစု) ၏ ရုံးချုပ်၊ Show Room နှင့် Service Center နေရာပြောင်းရွှေ့ဖွင့်လှစ်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၂၀၂/A) ၌ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ MCG Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စွာမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖြန့်ချိ

MCG Co., Ltd. သည် Chigo Air-con တစ်မျိုးတည်းကိုသာ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်တင်သွင်းဖြန့်ချိလျက်ရှိသည်။ MCG Co., Ltd. သည် သုံးစွဲသူ Customer များအတွက် New Model Air-con အမျိုးမျိုးကို မကြာမီ တင်သွင်းဖြန့်ချိ ရောင်းချသွားမည်ဖြစ်သည်။

Chigo Air-con မျိုးစုံကို ဝယ်ယူလိုပါက အမှတ် (၂၀၂/A)အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၇၀၅၀၆၀၊ ၂၁၆၂၄၄၊ ၂၂၇၀၃၄၊ ၀၉-၈၆၂၂၃၂နှင့် ဖက်စ် ၀၁-၂၂၇၀၃၄တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မတ် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် စက်မှုဇုန်ရုံးခန်းမ၌ အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၁၁)ဆင်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်း အမှာစကားပြောကြားစဉ်။
(၁၁၆)

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ မတ်၂၀ ရက်က လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန မဟူရာကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း စိုက်ပျိုးနိုင်ရေး ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်ပြန်/ဆက်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၃၁

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၁၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအလားအလာ မျက်နှာဖုံးအထူးသတင်းဆောင်းပါး၊ ရွှေတြိဂံလျှင်ကြောင့် မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်နိုင်ငံတောင်ပိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် မျက်နှာဖုံးဆောင်းပါး၊ တာချီလိတ်၊ တာလေဒေသ မြေငလျင်ကြောင့် ၇၃ဦး သေဆုံး၊ ၁၂၅ ဦးဒဏ်ရာရမှုအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း အဆိုကို အတည်ပြု၊ အိမ်ခြေ ၂၂၄ လုံး၊ ခြောက်ခန်းတွဲ လူနေလိုင်းခန်းတစ်ခု၊ သာသနိက အဆောက်အအုံ ၁၁ ခုနှင့် ဌာနဆိုင်ရာ အဆောက်အအုံ ကိုးလုံး ပြိုကျပျက်စီး၊ ပေါ့ဆမီးကြောင့် မုံရွာမြို့၌ အိမ် ၆၄ လုံးမီးလောင် စသည့် မျက်နှာဖုံးသတင်းများ၊ လေ့လာမှတ်သားဖွယ်ဆောင်းပါးများ ပါရှိသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မြန်မာအပါအဝင် ဘင်းမ်စတက်အဖွဲ့နိုင်ငံများ၌ဆောင်ရွက်မည်။ KOICA ဒုတိယဥက္ကဋ္ဌ၏ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်အဖြစ် လှည်းကူးစီမံကိန်းဒေသသို့သွားရောက်၊ ပင်လယ်ပြင်မှ ဒုက္ခသည်ရေလုပ်သား ၃၆၃၈ ဦး ကယ်ဆယ်ပြီး နေရပ်ပြန်ပို့နိုင်ခဲ့၊ ကျန်ရှိရေလုပ်သားများအား ထပ်မံရှာဖွေကယ်ဆယ်၊ မတ် ၂၂ ရက်မှ ၂၆ ရက်အတွင်း အင်ဒိုချိုင်းနားကျွန်းဆွယ်တောင်ပိုင်းအထိ မြောက်ဘက်မှ လေအေးများတိုးဝင်လာဖွယ်ရှိ စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

အင်ဂျင်နီယာ ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

City & Guilds(Institute) အင်္ဂလန်နိုင်ငံ၏ အင်ဂျင်နီယာဘာသာရပ် သင်ရိုးညွှန်းတမ်းများကို GALLANT Training Centre မှ စာသင်ကြားခွင့် (Approve Centre) ရယူ၍ အင်ဂျင်နီယာ ဒီပလိုမာ ဘာသာရပ်ပေါင်း ၁၅မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု City & Guilds အင်ဂျင်နီယာ ဘာသာရပ်များကို ပြည်တွင်း၌ အချိန်တစ်နှစ်အတွင်း ကုန်ကျစရိတ်အထူးသက်သာစွာဖြင့် နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာ လက်မှတ်ရယူနိုင်သည်။

City & Guilds အင်ဂျင်နီယာ ဘာသာရပ်များကို အင်ဂျင်နီယာအခြေခံမရှိသူများ အပါအဝင် တက်ရောက်နိုင်ရန် Foundation Programme ၌ အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ (Maths, English, Science, Hand Drawing) ဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားပေးပြီးမှသာလျှင် အင်္ဂလန်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းများအတိုင်း မေဂျာဘာသာရပ်များကိုသင်ကြားပေးသည်။ မေဂျာဘာသာရပ်များမှာ Mechanical & Electrical, Mechanical Power, Electrical Power, Electronic နှင့် Civil (Construction) တို့ကို မိမိဝါသနာပါရာ ရွေးချယ်တက်ရောက်နိုင်သည်။

နှစ်စဉ် ဇွန်လနှင့်ဒီဇင်ဘာလများတွင် အရည်အချင်းစာမေးပွဲကို ကျင်းပပေးပြီး မိမိဖြေဆိုနိုင်သည့် ဘာသာရပ်များကိုခွဲ၍ ဖြေဆိုနိုင်သည်။

ဆက်သွယ်စုံစမ်းနိုင်

GALLANT သင်တန်းကျောင်းမှ အင်ဂျင်နီယာဘာသာရပ်များကို ရုံးချိန်လွတ် ညနေပိုင်းတန်းခွဲများ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။ စိတ်ပါဝင်စားသူများ အမှတ် (၅) ဘီ ၅၊ လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း-၇၃၀-၃၂၆၇၀၊ ၅၃၉၄၀၃ နှင့် ၀၉-၅၁၂၈၀၂၆တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ (၆၆)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူး အောင်တင်ဦး(ငြိမ်း)တို့က အမှာစကားပြောကြားကြပြီး အသက် ၇၅နှစ်အထက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များနှင့် လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုထောက်ပံ့ငွေနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးခန်းကြော်ငြာများနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနသည် စာနယ်ဇင်းများနှင့် ရေဒီယို၊ ရုပ်မြင်သံကြားစသည်တို့တွင် ထည့်သွင်းဖော်ပြလျက်ရှိသည့် တိုင်းရင်းဆေးဝါးကြော်ငြာများ၊ တိုင်းရင်းဆေးခန်းများနှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပညာရပ်ဆိုင်ရာ သဘောထားမှတ်ချက်ရယူပြီးမှသာ ကြော်ငြာကြပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာထားပြီးဖြစ်ပါသည်။

သို့ရာတွင် အချို့သောတိုင်းရင်းဆေးကြော်ငြာရှင်များသည် တိုင်းရင်းဆေးဝါးဥပဒေပါအချက်များနှင့်တိုင်းရင်းဆေးကောင်စီဥပဒေပါမှတ်ပုံတင်၊ တိုင်းရင်းဆေးသမားတော်များအတွက် ချမှတ်ထားသောကျင့်ဝတ်၊ သမားကောင်းတို့၏ကျင့်စဉ်များကို တိကျစွာလိုက်နာခြင်းမရှိသည့်အပြင် တိုင်းရင်းဆေးဝါးကြော်ငြာဆိုင်ရာ စည်းကမ်းများနှင့်လည်း ညီညွတ်မှုမရှိဘဲ ကြော်ငြာလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ စည်းကမ်းနှင့် ညီညွတ်မှုမရှိဘဲ ကြော်ငြာလျက်ရှိသည့် တိုင်းရင်းဆေးဝါးကြော်ငြာများကို တိုင်းရင်းဆေးဝါးဥပဒေ အခန်း(၇) ပုဒ်မ ၃၀ အပိုဒ်(က)နှင့် (ခ)အရလည်းကောင်း၊ တိုင်းဆေးခန်း ကြော်ငြာများကို တိုင်းရင်းဆေးကောင်စီဥပဒေ အခန်း(၆) ပုဒ်မ ၁၃ ကို လိုက်နာရန် ပျက်ကွက်မှု၊ မှတ်ပုံတင်တိုင်းရင်းဆေးသမားတော်များအတွက် ချမှတ်ထားသောကျင့်ဝတ်၊ သမားကောင်းတို့၏ ကျင့်စဉ်ဖောက်ဖျက်မှုတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန။

ကျောက်ကြီးမြို့အဝင် ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်နှင့်အဖွဲ့ မတ် ၄ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့်တာဝန်ခံအင်ဂျင်နီယာဦးမျိုးမြတ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား မိန့်ခွန်းမြွက်ကြား၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသောပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ ကတိသစ္စာပြု

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးခန်းမဆောင်ကြီး၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသောပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)